IDG အုပ်စု DMCC

120 Emarat Atrium Building, Sheikh Zayed Rd, PO Box 50784, Dubai,
UAE

# လက်နက်များ နှင့် ခဲယမ်းမီးကျောက်များ စီမံခန့်ခွဲမှု

# မူဝါဒ

ဇွန် 2010

ဗားရှင်း 1.2

## ဗားရှင်း ထိန်းချုပ်မှု

| ဗားရှင်း | ထုတ်ပြန်ရက်စွဲ | ရေးသားသူ | ဖြန့်ဝေရန် ခွင့်ပြုထားသည် |
|---|---|---|---|
| 1 | JUN 10 | I GORDON | I GORDON |
| 1.1 | NOV 15 | G WINTER | I GORDON |
| 1.2 | မေ 19 | G WINTER | G WINTER |
| | | | |
| | | | |

# မာတိကာဇယား


**မာတိကာဇယား ........................................................................................ 1**

**အမှာစာ ................................................................................................ 2**

**လက်နက်များ.............................................နှင့် ခဲယမ်းမီးကျောက်များ စီမံခန့်ခွဲမှု မူဝါဒ ........................................................................................................ 3**

**1. နိဒါန်း.......................................................................................... 3**

**2. ဝယ်ယူဖြည့်တင်းရေး ........................................................................ 3**

2.1. ဝယ်ယူဖြည့်တင်းရေး လုပ်ငန်းစဉ်........................................................ 4

2.2. ဝယ်ယူဖြည့်တင်းရေးအတွက် အရည်အသွေးဆိုင်ရာ သတ်မှတ်လိုအပ်ချက်များ.................... 4

2.3. ဒေသမှ ဝယ်ယူခြင်း သို့မဟုတ် တင်သွင်းခြင်း၊ နောက်ဆုံးလက်ဝယ်သုံးစွဲသူ၏ အသိအမှတ်ပြုလက်မှတ်များ.................................................................... 4

2.4. ကျင့်ဝတ်ညီညွတ်သည့် ထည့်သွင်းစဉ်းစားရမည့်အချက်များ ..................................... 5

2.5. ဥပဒေကြောင်းအရ ထည့်သွင်းစဉ်းစားရမည့်အချက်များ 5

2.6. နည်းပညာပိုင်းနှင့် စီးပွားရေး အဆိုပြုချက်များကို အကဲဖြတ်မှု ................................ 6

2.6.1. လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကဲဖြတ်မှု ................................................. 6

2.6.2. စီးပွားရေးအရ အကဲဖြတ်မှု ............................................................ 6

2.7. လက်နက်သစ်များ လက်ခံရယူခြင်း.......................................................... 7

**3. လက်နက်များနှင့် ထောက်ပို့ပစ္စည်းများ သိုလှောင်ရေး ............................................. 7**

3.1. လက်နက်သိုလှောင်ရုံများ.................................................................. 7

3.2. ကျည်သေတ္တာများ.......................................................................... 8

3.3. သယ်ယူပို့ဆောင်ရေး ....................................................................... 8

**4. ဘေးကင်းလုံခြုံမှုနှင့် ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည် ........................................... 9**

4.1. ထုတ်ပေးခြင်းနှင့် ခဲယမ်းမီးကျောက်စကေးသတ်မှတ်ခြင်း ......................................... 9

4.2. လုပ်ငန်းလည်ပတ်မှုအတွက် အသုံးပြုမှု..................................................... 10

4.3. လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှု............................................... 10

4.4. လက်နက်များကို လက်နက်တိုက်သို့ ပြန်လည်အပ်နှံခြင်း ........................................ 11




လျှို့ဝှက်

# အမှာစာ

ဤမူဝါဒသည် ယေဘုယျ မူဝါဒဖြစ်သည်။ ၎င်းသည် မည်သည့် ပုံစံမဆိုရှိသည့် သေနတ်များကို အသုံးချသည့် နေရာဌာနများအားလုံးရှိ စီမံချက်များအားလုံးအတွက် လမ်းညွှန်ချက်ဖြစ်သည်။ ၎င်းကို အိမ်ရှင်နိုင်ငံ၏ဥပဒေများ၊ အိမ်ရှင်နိုင်ငံ၏ နည်းဥပဒေများ၊ လက်နက်တိုက်နှင့် ကျည်သေတ္တာ၊ စသည်တို့၏ အသေးစိတ်အချက်အလက်များအရ ပြင်ဆင်ရန် လိုအပ်နိုင်သည်။

ဤတွင် ဖော်ထုတ်ရွေးချယ် သတ်မှတ်ထားသည့် အနည်းဆုံးသော စံချိန်စံညွှန်းများကို ပြုပြင်ထိန်းသိမ်းရမည်ဖြစ်သည်။


လျှို့ဝှက်

# လက်နက်များ နှင့် ခဲယမ်းမီးကျောက်များ စီမံခန့်ခွဲမှု မူဝါဒ 3

## 1. နိဒါန်း

လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ဖောက်ခွဲမှုပညာရပ်နှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများအား ဝယ်ယူဖြည့်တင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းကို အတိကျဆုံးသော ထိန်းချုပ်လုပ်ဆောင်မှုများနှင့် ဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ လက်နက်များ ပိုင်ဆိုင်မှုနှင့် အသုံးပြုမှုကို အစိုးရ၏ ဥပဒေပြဌာန်းမှုဖြင့် တင်းကျပ်စွာ ထိန်းချုပ်ထားပြီး IDG သည် သတ်မှတ်ထားသည့် ဥပဒေပြဌာန်းမှုတစ်ခုလုံးကို အချိန်တိုင်းတွင် အပြည့်အဝလိုက်နာပါမည်။

IDG တွင် လက်နက်များကို လုံခြုံစွာ ဆက်လက်ထားရှိစေရန်နှင့် လက်နက်အသုံးပြုမှုနှင့် ၎င်းတို့ကြောင့် ရရှိလာနိုင်သည့် အကျိုးသက်ရောက်မှုကို အပြည့်အဝထည့်သွင်းစဉ်းစားပြီး ကိုင်တွယ်လုပ်ဆောင်ကြောင်းသေချာစေရန်ဌာ လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ဖောက်ခွဲမှုပညာရပ် ထိန်းချုပ်မှုအတွက် အမြင့်မားဆုံး စံချိန်စံညွှန်းများအတွက် တာဝန်ရှိပါသည်။

သေနတ်များ သယ်ဆောင်မှုနှင့် ထိန်းချုပ်မှုသည် မျှော်လင့်ရသည့်အတိုင်းပင် အထိအခိုက်မခံနိုင်သည့် အကြောင်းအရာဖြစ်သည်၊ ထို့ကြောင့် IDG ဝန်ထမ်းများသည် ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များအားလုံးကို လေးစားတန်ဖိုးထားရမည်ဖြစ်ပြီး စည်းကမ်းလိုက်နာမှုမရှိခြင်းက စည်းကမ်းပိုင်းအရ အပြစ်ပေးအရေးယူခံရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ရမည်။

အသုံးပြုသူများအနေဖြင့် လက်နက်များ သယ်ဆောင်ရန် လိုင်စင်ရရှိထားရမည်ဖြစ်ပြီး လိုင်စင်ရှိကြောင်း သက်သေအထောက်အထားသည်လည်း မည်သည့် IDG ၏ လက်နက်နှင့်မဆိုနှင့်အတူ အချိန်တိုင်း စစ်ဆေးရန် အသင့်ရှိနေရမည်။

တာဝန်ထမ်းဆောင်မှုအတွက် လက်နက်များ အသုံးပြုမှုအတွက် သီးခြား မူဝါဒထားရှိပြီး ၎င်းမှာ IDG အင်အားအသုံးပြုမှု မူဝါဒဖြစ်သည်။

## 2. ဝယ်ယူဖြည့်တင်းရေး

လက်နက်သစ်များ ဝယ်ယူဖြည့်တင်းမှုသည် ကြာရှည်၊ ရှုပ်ထွေးနက်နဲပြီး ပင်ပန်းခက်ခဲသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ပါဝင်နေသည့် ထည့်ဝင်ငွေများသည် ယေဘုယျအားဖြင့် လုံလောက်မှုရှိပြီး ရွေးချယ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၏ အရည်အသွေးသည် IDG အနေဖြင့် ၎င်း၏ ပင်မလုပ်ဆောင်ချက်၊ အမည်အားဖြင့် ၎င်း၏ ကလိုင်းယင့်များကို အကာအကွယ်ပေးခြင်းကို ဆောင်ရွက်ရာတွင် IDG ၏ စွမ်းဆောင်ရည်အပေါ်တွင် ထူးခြားလေးနက်သည့် လွှမ်းမိုးမှုရှိသည်။

IDG အတွက် လက်တွေ့အနေဖြင့် လက်နက်များရရှိနိုင်သည့် ရင်းမြစ်နေရာနှစ်ခုရှိသည်။ ၎င်းမှာ အသစ်ပြုလုပ်ထားသည့်လက်နက်များကို မှာယူ၍ လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံသို့ တင်သို့ခြင်းနှင့် ဒုတိယတစ်ခုမှာ တစ်ပတ်ရစ်အဖြစ် ဒေသမှ ရရှိသည့်လက်နက်များဖြစ်သည်။ ဖြစ်တောင့်ဖြစ်ခဲဖြစ်စဉ်များတွင် IDG သည် တစ်ပတ်ရစ်လက်နက်များကို ၎င်းတို့အား သတ်မှတ်ထားခြင်းမဟုတ်သည့် နိုင်ငံအတွင်းမှ ဝယ်ယူရန် ကြိုးစားမည်ဖြစ်ပြီး အဆိုပါလက်နက်များကို တင်သွင်းမည်ဖြစ်သည်။

IDG လက်နက်များကို ကန်ထရိုက်ချုပ်ဆိုမှုမှ ဆင်းသက်သည့် အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်လိုအပ်ချက်များ (QR) ကို အခြေခံ၍ ဝယ်ယူပြီး လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လိုအပ်သတ်မှတ်ချက်၊ ဒေသ ဥပဒေပြဋ္ဌာန်းချက်နှင့် ဤလုပ်ငန်းစဉ်ကို လုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင်မျိုးစုံရှိ IDG ၏ ကျယ်ပြန့်ပြည့်စုံသော လုပ်ငန်းလည်ပတ်မှု အတွေ့အကြုံဖြင့် သရုပ်ဖော်ပါသည်။ အဆိုပါ QR များက မျှော်မှန်းထားသည့် လုပ်ဆောင်ချက်များအတွက် မရှိမဖြစ်သော စွမ်းဆောင်မှုဆိုင်ရာ ထူးခြားလက္ခဏာများကို ရှင်းလင်းဖော်ပြပေးသည်။ လက်တွေ့အနေအထားတွင် မန်နေဂျာများသည် ၎င်းတို့လိုအပ်သည့်အတိုင်း ဆုံးဖြတ်ရန် ဆက်လက်လုပ်ဆောင်ရသော်လည်း ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ကောင်းစွာ စဉ်းစားဆင်ခြင်ပြီး အသုံးပြုရကျိုးနပ်စေရန် ပြည့်စုံသည့် အသိပညာဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ စိုက်ထုတ်ထားသည့် ငွေကြေးအတွက် အကောင်းဆုံးတန်ဖိုးကို ကောင်းစွာရရှိရန် အလားတူ ကိရိယာတန်ဆာပလာ ဆန်းစစ် အကဲဖြတ်မှုကို သိပ္ပံနည်းကျကျ၊ ကောင်းစွာသတ်မှတ်ပြဋ္ဌာန်းထားကာ ပွင့်လင်းမြင်သာသည့် အပြုအမူဖြင့်လုပ်ဆောင်ရမည်။ နောက်ဆုံးအနေဖြင့် အရေးအကြီးဆုံးမှာ လက်နက်များအားလုံးကို ဒေသနှင့် နိုင်ငံတကာ ဥပဒေကို အပြည့်အဝ လိုက်နာ၍ ကျင့်ဝတ်ညီညွတ်သည့် အပြုအမူဖြင့် ဝယ်ယူဖြည့်တင်းရမည်ဖြစ်သည်။ ဤမူဝါဒ စာတမ်းသည် လက်နက်များ ဝယ်ယူဖြည့်တင်းမှုအတွင်း ပါဝင်ပတ်သက်သည့် မန်နေဂျာများအားလုံးအတွက် ချမှတ်ဆုံးဖြတ်ထားသည့် ညွှန်ကြားချက်ဖြစ်သည်။

## 2.1. ဝယ်ယူဖြည့်တင်းရေး လုပ်ငန်းစဉ်

IDG ၏ ဝယ်ယူဖြည့်တင်းရေး လုပ်ငန်းစဉ်တွင် အဓိကအဆင့်သုံးဆင့်ရှိသည်-

- အသုံးပြုသူများအနေဖြင့် လိုအပ်သည်အရာကို ကုန်ကျမှုအနည်းဆုံးဖြင့် ရရှိစေရန်အတွက် အသုံးစရိတ်နှင့် ထိုက်တန်ပြီး ထိရောက်သည့် သတ်မှတ်လိုအပ်ချက်များ (QR များ)အား ဖန်တီးရေးဆွဲခြင်း။
- လက်နက်များကို တရားဝင်ပြီး ကျင့်ဝတ်ညီညွတ်သည့် အပြုအမူဖြင့် ဝယ်ယူကြောင်း သေချာစေရန် ဒေသဥပဒေနှင့် ပေးသွင်းသည့် ကုမ္ပဏီများကို ဆန်းစစ်အကဲဖြတ်မှု။
- ရည်ရွယ်ထားသည့် ကြားပိုင်းနှိုင်းယှဉ်မှုအတွက် သိပ္ပံနည်းကျ ကိရိယာများအသုံးပြု၍ နည်းပညာပိုင်းနှင့် စီးပွားရေး အဆိုပြုချက်များကို ပွင့်လင်းမြင်သာပြီး မျှတမှုရှိ၍ ကောင်းစွာ သတ်မှတ်ပြဋ္ဌာန်းထားသည့် အပြုအမူဖြင့် အကဲဖြတ်မှု။

## 2.2. ဝယ်ယူဖြည့်တင်းရေးအတွက် အရည်အသွေးဆိုင်ရာ သတ်မှတ်လိုအပ်ချက်များ

လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းအေးရန်အတွက် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လိုအပ်သည့် လက်နက်များ၏ မရှိမဖြစ်လိုအပ်သော အတိုင်းအတာသတ်မှတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းရန် QR များကို ထွက်ပေါ်စေသည်။ ၎င်းတို့သည် ကျယ်ပြန့်ပြည့်စုံပြီး ဖွဲ့စည်းထားသည့် ခိုင်မာသော အပြုအမူဖြင့် လုပ်ဆောင်မှုဆိုင်ရာ ထူးခြားလက္ခဏာများဖြင့် သတ်မှတ်လိုအပ်ချက်များကို ရှင်းလင်းဖော်ပြပေးသည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် စနစ်မှ ဆောင်ရွက်သည့် လုပ်ငန်းတာဝန် သို့မဟုတ် လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်သည့် အနည်းဆုံးလိုအပ်သော စွမ်းဆောင်မှုဆိုင်ရာ ဖြည့်ဆည်းပံ့ပိုးမှုများကို သတ်မှတ်ပါသည်။ ယေဘုယျအားဖြင့် QR များသည် အောက်ပါ အကြောင်းရင်းခံများပေါ်တွင် မူတည်သည်။

- IDG က ပံ့ပိုးရန် ကန်ထရိုက်ချုပ်ဆိုထားသည့် ရှင်းလင်းတိကျပြီး ဖော်ပြထားသည့် လုပ်ငန်းလည်ပတ်ရေး လုပ်ငန်းတာဝန်များ၊



လျှို့ဝှက်

- မျှော်မှန်းထားသည့် ရန်သူ၏ စွမ်းဆောင်ရည်များ၊ သူ၏ ဖြစ်တန်စွမ်းရှိသော အစီအစဉ်များနှင့် နည်းဗျူဟာများ။

- ရရှိထားသည့် မြေပြင်အခြေအနေနှင့် ရာသီဥတုအခြေအနေများအတွင်း ကိရိယာတန်ဆာပလာ စီမံအသုံးချမှုအတွက် ဖြစ်နိုင်ခြေရှိသည့်ပုံစံ။

နိုင်ငံဆိုင်ရာ မန်နေဂျာများသည် အစ္စိမအသုံးပြုသူများဖြစ်သဖြင့် ၎င်းတို့တွင် ရှာဖွေရရှိထားသည့် အတိုင်းအတာများ၏ ကိစ္စရပ်အပေါ် နောက်ဆုံးဆုံးဖြတ်ခွင့်ရှိစေရမည်။ CM များသည် ဝယ်ယူဖြည့်တင်းမှုဆုံးဖြတ်ချက်များ၏ ငွေရေးကြေးရေး သက်ရောက်မှုကိုသာမက ကန်ထရိုက်သဘောအရ လက်နက်အသုံးအဆောင် ထောက်ပံ့မှုနှင့် ဥပဒေကြောင်းအရာ ထည့်သွင်းစဉ်းစားရမည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။

## 2.3. ဒေသမှ ဝယ်ယူခြင်း သို့မဟုတ် တင်သွင်းခြင်း၊ နောက်ဆုံးလက်ဝယ်သုံးစွဲသူ၏ အသိအမှတ်ပြုလက်မှတ်များ

ဒေသအတွင်း မှ ရရှိနိုင်သော လက်နက်များကို ဝယ်ယူဖြည့်တင်းမှုသည် ကုန်ကျစရိတ်နှင့် ထိုက်တန်သည့် ထိရောက်ကောင်းမွန်မှုမြင့်မားသည်။ CM သည် ဤရွေးချယ်ခွင့်ကို စတင်လုပ်ဆောင်စဉ်ကပင် ရှာဖွေဖော်ထုတ်ရမည်။

အလားတူ တပြိုင်နက်တည်း နောက်ဆုံးလက်ဝယ်သုံးစွဲသူ၏ အသိအမှတ်ပြုလက်မှတ်များ(၎င်းတို့သည် အသစ်ထုတ်လုပ်ရန် လက်နက်များအတွက် လိုအပ်ချက်ဖြစ်သည်) ကို ပေးအပ်ရန် ကလိုင်းယင့်များ၏ လိုအင်နှင့် လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံအတွင်းသို့ လက်နက်များတင်ပို့ခြင်းအတွက် မည်သည့်ကန့်သတ်ချက်တိုင်းကိုမဆို ကို နားလည်သဘောပေါက်ရန် ကြိုးပမ်းအားထုတ်မှုကို ပြုလုပ်သင့်ပါသည်။ အဆိုပါ အကြောင်းရင်းခံများအနက်တစ်ခုခုဖြစ်သည့် အပျက်သဘောဆောင်သည်အရာသည် အရင်းအမြစ်ထံမှ လက်နက်သစ်များ ရွေးချယ်စရာကို ထိထိရောက်ရောက် သတ်မှတ်နိုင်သည်။

## 2.4. ကျင့်ဝတ်ညီညွတ်သည့် ထည့်သွင်းစဉ်းစားရမည့်အချက်များ

QR များသည် အလားအလာရှိသော ပေးသွင်းသူများ၏ စာရင်းကို ချမှတ်လုပ်ဆောင်ပြီးသည်နှင့် လိုအပ်ချက်များကို ပြင်ဆင်ရေးဆွဲရန် လိုအပ်သည်။ စံချိန်စံညွှန်းမီ နိုင်ငံတကာ ပေးသွင်းသူများကို ပုံမှန်သဘောအရ ထည့်သွင်းရမည်ဖြစ်သော်လည်း ၎င်းသည် လုပ်ငန်းလည်ပတ်ရသည့် နိုင်ငံအတွင်း လက်နက်များ ဝယ်ယူဖြည့်တင်းမှု လုပ်ငန်းစဉ်၏ ပထမဆုံးသော အကြိမ်ကြိမ်ပြုလုပ်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါက ဒေသပေးသွင်းသူများကို ဖော်ထုတ်ရွေးချယ်သတ်မှတ်ရန်၎ာ သုတေသနပြုမှုကို လိုအပ်မည်ဖြစ်သည်။

ထို့နောက် 'စိတ်ပါဝင်စားမှုရှိကြောင်း ဖော်ပြချက်' တောင်းဆိုမှုကို သတ်မှတ်လိုအပ်ချက်အား အနှစ်ချုပ်ဖော်ပြသည့် ပေးသွင်းသူများထံသို့ ပေးပို့မည်ဖြစ်သည်။ အသုံးပြုသည့်နေရာတွင် လက်နက်များကို ပံ့ပိုးနိုင်သည့် ပေးသွင်းသူများကိုသာ စိတ်ပါဝင်စားမှုရှိကြောင်း ဖော်ပြရန် တောင်းဆိုရမည်။ အကယ်၍ ကလိုင်းယင့်သည် နောက်ဆုံးအသုံးပြုရန် အသိအမှတ်ပြုလက်မှတ်ပေးရန် ဆန္ဒမရှိပါက မည်သည့် လက်နက်ထုတ်လုပ်သူကိုမှ ပါဝင်စေရန် လိုအပ်မည်မဟုတ်ချေ။ ထို့နောက် နိုင်ငံအပေါ်တွင် လက်နက်တင်ပို့ရောင်းချမှုပိတ်ပင်ထားမှုရှိပါက နိုင်ငံပြင်ပမှ ပံ့ပိုးသူကို ဖိတ်ခေါ်နိုင်သည့်အခြေအနေမရှိတော့ဘဲ နိုင်ငံအတွင်းရှိ ယင်းပေးသွင်းသူများကိုသည် ဖိတ်ခေါ်မည်ဖြစ်သည်။

စိတ်ပါဝင်စားမှုရှိကြောင်း အပြုသဘောဆောင်သည့် ဖော်ပြချက်များကို ရရှိပြီးသည်နှင့် နိုင်ငံဆိုင်ရာ မန်နေဂျာနှင့် သူ၏ အဖွဲ့သည် လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သုတေသသနပြုမှုကို ၎င်းပေးသွင်းသူများအပေါ် ပြုလုပ်ရမည့်တာဝန်ရှိသည်။ တည်ဆောက်ရန် လိုအပ်သည့် သော့ချက်ကျသော အရည်အချင်းများ၊

- ကုမ္ပဏီသည် လိုင်စင်အပြည့်အဝရရှိထားပြီး လက်နက်များကို ၎င်း၏ မိခင်နိုင်ငံအတွင်း ရောင်းချရန်အတွက် မှတ်ပုံတင်ထားရမည်

- ကုမ္ပဏီသည် ယခင်ဖြစ်စေ ယခုဖြစ်စေ သိရှိထားသည့် အကြမ်းဖက် အဖွဲ့အစည်းများ သို့မဟုတ် ပြည်တွင်းစစ်ပွဲများအတွင်း ပါဝင်တိုက်ခိုက်သူများထံသို့ လက်နက်များရောင်းချသည့် ယခင်မှတ်တမ်းမရှိစေရ။

- ကုမ္ပဏီသည် လက်နက်များကို အသုံးပြုမည့်နေရာသို့ လုပ်ငန်းလည်ပတ်မှုအရနှင့် တရားဝင်နည်းဖြင့် ပေးပို့နိုင်စွမ်းရှိရမည်။ ဆိုလိုသည်မှာ လိုအပ်လျှင် နိုင်ငံနယ်နမိတ်များတလျှောက် လက်နက်များ သယ်ယူပို့ဆောင်ရေး သို့မဟုတ် ဖော်ပြထားသည့် နိုင်ငံအတွင်း လက်နက်များ ရွှေ့ပြောင်းသယ်ယူခြင်းကို ဆိုလိုသည်။

- ကုမ္ပဏီသည် မည်သည့် ပိတ်ပင်မှုများနှင့်မှ ကျရောက်နေခြင်းမရှိရ သို့မဟုတ် ဖော်ပြထားနိုင်သည့် နိုင်ငံအပေါ် လက်နက်တင်ပို့မှုပိတ်ပင်ထားခြင်းကြောင့် လက်နက်များ မတင်ပို့နိုင်သည့် နိုင်ငံတကာ အဖွဲ့အစည်းအနေဖြင့် မရှိစေရ။

အထက်ပါ အရည်အချင်းများအနက် တစ်ခုခုနှင့် ကိုက်ညီရန် ပျက်ကွက်ပါက ကုမ္ပဏီကို ဈေးဆိုရန် ကမ်းလှမ်းထားခြင်းမှ အလိုအလျောက် အရည်အချင်းပျက်ပြယ်သွားမည်ဖြစ်သည်။

## 2.5. ဥပဒေကြောင်းအရ ထည့်သွင်းစဉ်းစားရမည့်အချက်များ

နောက်ဆုံးတွင် သတ်မှတ်လိုအပ်ချက်အတွက် RFP ကို မထုတ်ပြန်မီ လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံအတွင်း လက်နက်များ ဝယ်ယူဖြည့်တင်းမှုနှင့်ပတ်သက်၍ ကျယ်ပြန့်ပြည့်စုံသည် ဥပဒေကြောင်းအရ နားလည်သဘောပေါက်ရန် လက်ခံဆောင်ရွက်ရမည်။ ဤသည်မှာ နိုင်ငံတစ်ခုခုအတွင်း IDG ၏ ၏ လုပ်ငန်းလည်ပတ်မှုတည်ရှိသည့် သက်တမ်းအတွင်း တစ်ကြိမ်သာဖြစ်ပွားရန် လိုအပ်မည့်အရာဖြစ်ပြီး ပြင်ပမှ ဥပဒေရေးရာ ရှေ့နေအဖွဲ့အသုံးပြုရန် သေချာပေါက် လိုအပ်မည်ဖြစ်သည်။ လက်နက်များဝယ်ယူဖြည့်တင်းခြင်းနှင့်ဆက်စပ်နေသည့်ဥပဒေမူဘောင်က စင်းလုံးချောမဖြစ်နိုင်သည့်နိုင်ငံများတွင် IDG လုပ်ဆောင်နေသည့်အတိုင်းပင် RFP ကို မထုတ်ပြန်မီ ဥပဒေရေးရာပြောင်းလဲနိုင်သောအရာများအားလုံးကိုစုံစမ်းစစ်ဆေးရန်နှင့် သိရှိနားလည်ရန် အလွန်ပင်အရေးကြီးသည်။

## 2.6. နည်းပညာပိုင်းနှင့် စီးပွားရေး အဆိုပြုချက်များကို အကဲဖြတ်မှု

ဖိတ်ခေါ်ထားသည့် ရောင်းချသူများထံမှ အဆိုပြုချက်များကို ရရှိသည်နှင့် သတ်မှတ်ပြဌာန်းထားသည့် သတ်မှတ်လိုအပ်ချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ ပြည့်စုံစွာပါရှိမှုနှင့် လိုက်နာမှုအတွက် ၎င်းတို့ကို စစ်ဆေးရမည်ဖြစ်သည်။ ၎င်းက လွဲမှားသည့် နောက်ဆက်တွဲ အနက်ပြန်ဆိုမှုများကို ပပျောက်စေရန်ငှာ နယ်ပယ်ရှုထောင့်အားလုံးအတွက် အသေးစိတ် စစ်ဆေးမှုကို မလွဲမသွေရရှိစေပါသည်။ ရောင်းချသူများအနေဖြင့် ချမှတ်ထားသည့် ပြဌာန်းသတ်မှတ်ချက်များကို နားလည်သဘောပေါက်ရန်နှင့် ၎င်းတို့၏ တုန့်ပြန်ဖြေကြားမှုများကို ရှင်းလင်းပြတ်သားသည့်ပုံစံဖြင့် တင်သွင်းရမည်ကိုလည်း သေချာစေရန် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

အဆိုပြုချက်များကို သီးခြားစာအိတ်နှစ်ခု (နည်းပညာပိုင်းဆိုင်ရာနှင့် စီးပွားရေး) ဖြင့် တပြိုင်နက်တည်း တင်သွင်းရမည်။ QR များအားလုံးနှင့် ပြည့်စုံပြီး ဝယ်ယူနိုင်သည့် ကုန်ပစ္စည်းများရောင်းချသူများကို ဖော်ထုတ်ရွေးချယ် သတ်မှတ်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုချက်များကို လမ်းဖွင့်ပေးထားပါသည်။ ဤလုပ်ငန်းစဉ်ကို နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းစဉ်ဟုခေါ်သည်။ နောက်ပိုင်းတွင် နည်းစနစ်ပိုင်းအရ အောင်မြင်သည့် ရောင်းချသူများ၏ အရောင်းအဝယ်ပြုလုပ်ရန် ဈေးဆိုကမ်းလှမ်းမှုများကို ယှဉ်ပြိုင်နိုင်သည့် ဈေးနှုန်းချင့်ချိန်မှုအတွက် လမ်းဖွင့်ပေးထားသည်။

လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကဲဖြတ်မှုကို နိုင်ငံဆိုင်ရာ မန်နေဂျာ၏ လက်အောက်တွင် ဒေသအတွင်း လုပ်ဆောင်ပြီး စီးပွားရေးအရ အကဲဖြတ်မှုကို အုပ်စုက နိုင်ငံဆိုင်ရာ မန်နေဂျာနှင့် ဆွေးနွေးနိုင်ပင်၍ လုပ်ဆောင်သည်။

### 2.6.1. လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကဲဖြတ်မှု

ဒေသအတိုင်း လုပ်ဆောင်ပါ။ ကနဦး စာတမ်း အကဲဖြတ်မှုသည် ၎င်းတို့၏ QR လိုက်နာမှုအတွက် နည်းစနစ်ပိုင်းဆိုင်ရာ အဆိုပြုချက်များအားလုံးကို စေ့စပ်သေချာစွာ ပြုလုပ်ပါသည်။ လိုအပ်လျှင် ရောင်းချသူများထံမှ ရှင်းလင်းဖော်ပြချက်များကို ရရှိရန် ကြိုးစားရမည်။

အကဲဖြတ်ပြီးသည်နှင့် အဆိုပြုထားသောလက်နက်ကို ကွင်းဆင်းလက်တွေ့ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပဓာနကျသည့်ရည်မှန်းချက်မှာ လက်တွေ့ မြေပြင်အခြေအနေနှင့် ရာသီဥတုအခြေအနေများအတွင်း သတ်မှတ်ချက်များနှင့်အညီရှိကြောင်း အတည်ပြုရန်ဖြစ်သည်။ ပြုပြင်ထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့မှုသွင်ပြင်များကို စစ်ဆေးပါသည်။

နိုင်ငံဆိုင်ရာ မန်နေဂျာသည် နည်းစနစ်ပိုင်းအရ လိုက်နာမှုမရှိသည့် အဆိုပါလက်နက်များကို ပပျောက်စေခြင်းဖြင့် လုပ်ငန်းလည်ပတ်မှုအရ ဦးစားပေးသတ်မှတ်ချက်များအရ ရွေးချယ်စရာများကို အဆင့်သတ်မှတ်မည်ဖြစ်သည်။

### 2.6.2. စီးပွားရေးအရ အကဲဖြတ်မှု

၎င်းကို IDG အုပ်စုက ပြည်တွင်း/ဒေသရုံးမှ ရရှိထားသည့် သွင်းအားစုအချက်အလက်များအပေါ် အခြေခံ၍ လုပ်ဆောင်သည်။ ရောင်းချသူများအနေဖြင့် ၎င်းတို့ထံ ထုတ်ပေးထားသည့် ပုံစံအလိုက် ပစ္စည်းအမယ်များအားလုံး၏ အသုံးစရိတ်ကို ပံ့ပိုးပေးရန် သတ်မှတ်ထားသည်။ ဆန်းစစ်အကဲဖြတ်ရမည့် အဓိကနယ်ပယ်များမှာ-

- လက်နက်စနစ်၏ ယူနစ်အလိုက် အသုံးစရိတ်
- လိုအပ်သည့် ထောက်ပံ့ပစ္စည်းများ၏ အသုံးစရိတ် (လက်နက်သန့်ရှင်းရေးသေတ္တာ၊

လက်နက်စနစ်တစ်ခုအလိုက် ကျည်သေတ္တာများ၏ အရေအတွက်၊ မှန်ပြောင်းများ)

- ထုတ်လုပ်သည့်ကုမ္ပဏီ၏ အကြံပြုထားသည့် အပိုပစ္စည်းများစာရင်းအတွက် အသုံးစရိတ်။
- အထူးပြုပြင်ထိန်းသိမ်းရေးကိရိယာများနှင့် အထူးစစ်ဆေးရေး ကိရိယာတန်ဆာပလာအတွက် အသုံးစရိတ်။
- အကြံပြုထားသည့် လေ့ကျင့်မှုအတွက် အသုံးစရိတ်။
- လေ့ကျင့်ရေးသုံးပစ္စည်းများအတွက် အသုံးစရိတ်။
- ရွေးချယ်နိုင်သည့် ကိရိယာတန်ဆာပလာများအတွက် အသုံးစရိတ်။
- အသုံးပြုရန်နေရာသို့ မတင်သွင်းမီ အသုံးစရိတ်

IDG အုပ်စုသည် ငွေကြေးဖြေရှင်းချက်အတွက် အကောင်းဆုံးတန်ဖိုးကို ဆုံးဖြတ်မည်ဖြစ်ပြီး နှစ်သက်သည့် ရောင်းချသူကို ကြေညာကာ ဝယ်ယူဖြည့်တင်းမှုကို ခွင့်ပြုချက်ပေးမည်ဖြစ်သည်။

### 2.7. လက်နက်သစ်များ လက်ခံရယူခြင်း

လက်နက်များကို အခြား သိုလှောင်ပစ္စည်းအမယ်များအတိုင်း ထည့်သွင်းရေတွက်ရမည်ဖြစ်သည်။ အစဉ်လိုက်နံပါတ်များကို မှတ်သားရမည်ဖြစ်ပြီး ပိုင်ဆိုင်ပစ္စည်းမှတ်ပုံတင်ခြင်းအတွက် လုပ်ငန်းစဉ်ဆောင်ရွက်ရန် ပိုင်ဆိုင်ပစ္စည်းခြေရာခံခြင်းပြုလုပ်ရန် သတ်မှတ်ရမည်။

ကုမ္ပဏီမှ ဝယ်ယူသော အသုံးပြုပြီးသားလက်နက်ဟောင်းများကို အရောင်းအဝယ်မလုပ်မီ လက်နက်ကျွမ်းကျင်သူက ကောင်းစွာ စုံစမ်းစစ်ဆေးရမည်ဖြစ်ပြီး ကျွမ်းကျင်သည့် လူပုဂ္ဂိုလ်က စမ်းသပ်ပစ်ခတ်ရမည်ဖြစ်သည်။ ဝယ်ယူဖြည့်တင်းနေသည့် လက်နက်များ၏ အရည်အသွေးနှင့် ပတ်သက်ပြီး ၎င်းတို့အနေဖြင့် ယုံကြည်မှုရှိကြောင်း သေချာစေရန်အတွက် စီမံခန့်ခွဲမှုဌာန၏ ကိုယ်စားလှယ်သည် စမ်းသပ်ပစ်ခတ်မှုလုပ်ဆောင်စဉ်ရှိနေသင့်သည်။ 'ထုတ်ပေးရန်အတွက် စိတ်မချရသည့်အရာ' အဖြစ် သတ်မှတ်ထားသည့် လက်နက်များကို သီးခြားခွဲထားရမည်ပြီး ရှင်းရှင်းလင်းလင်း အညွှန်းရေးထားရမည်။ ထို့နောက်တွင် ၎င်းတို့ကို ထပ်မံစစ်ဆေးရမည် နှင့်/သို့မဟုတ် အရည်အချင်းပြည့်ဝသည့် လက်နက်ကျွမ်းကျင်သူက ပြုပြင်ရမည်။

အိမ်ရှင်နိုင်ငံ၏ လက်နက်မှတ်ပုံတင်ရေး လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

## 3. လက်နက်များနှင့် ထောက်ပံ့ပစ္စည်းများ သိုလှောင်ရေး

### 3.1. လက်နက်သိုလှောင်ရုံများ

IDG လက်နက်တိုက်များနှင့် ကျည်သေတ္တာများသည် ဒီဇိုင်း၊ ဆောက်လုပ်ရေး၊ လုံခြုံရေး၊ ဝင်ရောက်အသုံးပြုမှုဆိုင်ရာ ထိန်းချုပ်မှုနှင့် လက်နက်/ခဲယမ်းမီးကျောက်များ/ဖောက်ခွဲမှုပညာရပ် စာရင်းကိုင်ခြင်းတို့ကို NATO ပုံစံနှင့် ကိုက်ညီရမည်။

လက်နက်များကို ဤရည်ရွယ်ချက်အတွက် အထူးရေးဆွဲပြုလုပ်ထားသည့် စတိုခန်းတွင် သိုလှောင်သိမ်းဆည်းရမည်။



လျှို့ဝှက်

ဝင်ရောက်အသုံးပြုခွင့်ကို ကုမ္ပဏီမှ လုံခြုံရေးအရ အထူးကင်းလွတ်ခွင့်အပ်နှင်းခံထားရသည့် ရွေးချယ်သတ်မှတ်ထားသော ဝန်ထမ်းများအတွက်သာ ကန့်သတ်ထားသည်။ မည်သည့်လက်နက်တိုက်၏ တံခါးဝင်ပေါက်ကိုမဆို အဆင့်မြင့် သံမဏိသော့ခလောက်ဖြင့် လုံခြုံအောင်ထားရမည်။

သော့များကို တင်းကျပ်စွာ ထိန်းချုပ်ပြီး နေ့စဉ်အသုံးပြုရန်မရှိသည့်အခါ သော့ခတ်နိုင်သည့် အာမခံအံဆွဲတွင် သိမ်းဆည်းရမည်။ သော့များကို မှတ်ပုံတင်စနစ်အသုံးပြု၍ လက်မှတ်ထိုးကာ ထုတ်ယူရမည်ဖြစ်ပြီး အလုပ်လုပ်ရက်တစ်ရက်စီ၏ အဆုံးသတ်ချိန်တွင် ပြန်လည်ထားရှိရမည်။ ခွင့်ပြုချက်ရရှိထားသည့် ဝန်ထမ်းများကိုသာလျှင် လက်နက်တိုက်သော့များကို ထုတ်ယူခွင့်ပြုထားသည်။

လက်နက်များအားလုံး နေရာတကျရှိမရှိ အဆုံးအဖြတ်ပေးနိုင်ရန်ဌာ နေ့စဉ်စစ်ဆေးမှုပြုလုပ်ရန်အတွက် IDG စီမံခန့်ခွဲမှုဌာန၏ အဖွဲ့ဝင်တစ်ဦးကို တာဝန်ပေးလိမ့်မည်ဖြစ်သည်။ မည်သည့် ချွတ်ယွင်းချက်အပြစ်များကိုမဆို ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့ စီမံခန့်ခွဲမှုဌာနသို့ ချက်ချင်း သတင်းပို့ရမည်။ ထို့ပြင် စီမံခန့်ခွဲမှုဌာနသည် လက်နက်တိုက်အတွင်း နေ့စဉ်ရာခိုင်နှုန်းအလိုက် သိုလှောင်ပစ္စည်းစစ်ဆေးမှုကို လုပ်ဆောင်ရမည်ဖြစ်သည်။

လက်နက်များအားလုံးကို လက်နက်များမှတ်ပုံတင်စာရင်းတွင် ရေးမှတ်ရမည်ဖြစ်ပြီး လူတစ်ဦးချင်းစီအတွက် လက်မှတ်ထိုးရမည်။

လက်နက်များကို ဒီဇိုင်းရေးဆွဲထားသည့် လက်နက်များတင်သည့် စင်တန်းတွင် အကောင်းဆုံးသိမ်းဆည်းသိုလှောင်ထားသည်။ ဤသို့ပြုလုပ်ခြင်းက နေရာလပ်များပိုမိုရရှိစေပြီး လက်နက်များကို ပိုမို လျင်မြန်စွာနှင့် ထိထိရောက်ရောက် ရေတွက်နိုင်စေသည်။

မည်သည့် လက်နက်တိုက်ကိုမဆို အချိန်ပြည့် သန့်ရှင်းသပ်ရပ်စွာ ထားရှိရမည်။ တာဝန်ရှိသည့် စတိုခန်းဝန်ထမ်းကို သူ၏အလုပ်အတွက် ဂုဏ်ယူရန်အားပေးတိုက်တွန်းရမည်ပြီး ထိုသို့ပြုလုပ်သည့်အတွက် သူသည် ကျွမ်းကျင်လိမ္မာမှုနှင့် လက်နက်တိုက် လုံခြုံရေးကို ကို သဘာဝအလျောက် တိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

## 3.2. ကျည်သေတ္တာများ

ဖြစ်နိုင်ပါက ခဲယမ်းမီးကျောက်များကို သတ်မှတ်ထားသည့် ကျည်သေတ္တာတွင် သီးခြားစီ သိုလှောင်သိမ်းဆည်းရမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းက မတော်တဆမှုများအလားအား ဖြစ်စေနိုင်သည့် အလားအလာကို လျော့ကျစေပြီး လုံခြုံရေးအတွက် ထပ်ဆောင်းအဆင့်ကို ပံ့ပိုးပေးပါသည်။ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများအား ဂရုတစိုက် သိုလှောင်ခြင်းသည် ဘေးကင်းလုံခြုံမှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကြောင်းပြချက်အချို့အတွက် လုံးဝအရေးပါသည်။ ခဲယမ်းမီးကျောက်များ သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများ သိုလှောင်မှုနှင့် ပတ်သက်၍ တာဝန်ပေးခံရသူတိုင်းသည် အောက်ပါတို့ကို လိုက်နာရမည်-

- လျော့ရဲနေသည့် ခဲယမ်းမီးကျောက်များကို အမျိုးအစားအလိုက် သတ္တုသေတ္တာများအတွင်း သိုလှောင်ရမည်ဖြစ်ပြီး ရှင်းလင်းစွာ စာညွှန်းထိုးထားရမည်။
- ခဲယမ်းမီးကျောက်များကို ဖြစ်နိုင်လျှင် ၎င်းတို့၏ မူလထည့်စရာပုံးအတွင်း၌ ထားရှိရမည်။
- စစ်ရေးပြလေ့ကျင့်မှုအကျော့များကို ပြုလုပ်ဆဲအကျော့များအနီးတွင် မပြုလုပ်ရ။

- ခဲယမ်းမီးကျောက်များကို မြင့်သည့်မျက်နှာပြင် (စင် သို့မဟုတ် အောက်ခံအခုပစ္စည်း) ပေါ်တွင် သိမ်းဆည်းပါ။
- ခဲယမ်းမီးကျောက်များ သေတ္တာများကို အရေအတွက်နှင့် အမျိုးအစားအလိုက် ရှင်းရှင်းလင်းလင်း စာညွှန်းထိုးရမည်။
- ဆေးလိပ်သောက်ခြင်းကို လုံးဝတားမြစ်ထားပြီး ဤစည်းကမ်းချက်ကို ထင်သာမြင်သာစေသည့် သင်္ကေတများကို ပြသထားရမည်။
- မီးငြိမ်းသတ်ဆေးဘူးများကို အခရာကျသည့် တည်နေရာများတွင် ထားရှိရမည်ဖြစ်ပြီး ၎င်းတို့ကို အသုံးပြုတတ်စေရန် ဝန်ထမ်းများကို သင်တန်းပေးရမည်။

ခဲယမ်းမီးကျောက်များ၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများနှင့် ဖောက်ခွဲမှုပညာရပ်များကို ပုံမှန်အားဖြင့် အတိအကျ စာရင်းသွင်းရမည်။

ခဲယမ်းမီးကျောက်များကို ထုတ်ပေးသည့်အခါ အဟောင်းဆုံးအသုတ်ကို အရင်ဆုံးထုတ်ပေးရမည်။

### 3.3. သယ်ယူပို့ဆောင်ရေး

လက်နက်များနှင့် ခဲယမ်းမီးကျောက်များ ရွှေ့ပြောင်းသယ်ယူမှုသည် အလွန်တရာမှပင် အထိအခိုက်မခံနိုင်သည့်အရာဖြစ်သည် တင်းကျပ်သည့် လုံခြုံရေးဖြင့် လုပ်ဆောင်ရမည်။ လက်နက်များနှင့် ခဲယမ်းမီးကျောက်များ ရွှေ့ပြောင်းသယ်ယူမှုကို ထိန်းချုပ်မှုပါဝင်သည့် ရွှေ့ပြောင်းသယ်ယူမှုအဖြစ် အမျိုးအစားသတ်မှတ်ထားပြီး IDG လုပ်ငန်းလည်ပတ်မှုများကို အပြည့်အဝ ပူးပေါင်းလုပ်ဆောင်၍ အမြဲဆောင်ရွက်ရမည်။ ၎င်းတို့သည် ရွှေ့ပြောင်းမှုတိုင်းအတွက် သတ်မှတ်ထားသည့် လုံခြုံရေးအဆင့်ကို ဆုံးဖြတ်မည်ဖြစ်သည်။

လက်နက်များနှင့် ခဲယမ်းမီးကျောက်များ ရွှေ့ပြောင်းသယ်ယူမှုကို ကွပ်ကဲအုပ်ချုပ်သည့် လက်ရှိ စည်းကမ်းချက်များနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အတိအကျ တသဝေမတိမ်းလိုက်နာရမည်။ လိုအပ်သည့်အခါ မှန်ကန်တိကျသည့် သက်သေအထောက်အထားရယူမှုကို လုပ်ဆောင်ရမည်ဖြစ်ပြီး ရွှေ့ပြောင်းသယ်ယူမှုအတွင်း ပါဝင်သူအားလုံးကို လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ လုံလောက်စွာ ပေးရမည်။

လက်နက်များနှင့် ခဲယမ်းမီးကျောက်များကို ယာဉ်တစ်မျိုးတည်းဖြင့် သယ်ယူခြင်းမပြုရ။ လုံခြုံရေးအတွက် လက်နက်များရှိ လုပ်ဆောင်နိုင်သည့် အစိတ်အပိုင်းများကို ဖယ်ရှားပြီး သီးခြားခွဲ၍ သယ်ယူသင့်သည်။ လက်နက်များကို အများသူငှာရှေ့တွင် ကဲ့ထုတ်ရသည့်အခါ မည်သည့်နည်းဖြင့်မဆို အညွှန်းထိုးဖော်ပြရမည်။

မီးငြိမ်းသတ်ဆေးဘူးများကို အထူးသဖြင့် ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို သယ်ဆောင်စဉ်အတွင်း ယာဉ်ပေါ်တွင် သယ်ယူရမည်ဖြစ်သည်။

အစီအစဉ်ရေးဆွဲခြင်းနှင့် အသေးစိတ်အချက်အလက်များ ပေးခြင်းသည် ယင်းသို့ ရွှေ့ပြောင်းသယ်ယူမှုကို ထိရောက်စွာ စီမံဆောင်ရွက်ရာတွင် သော့ချက်ကျသည့်အရာဖြစ်သည်။

# 4. ဘေးကင်းလုံခြုံမှုနှင့် ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်

လက်နက်များကို လုပ်ငန်းတွင်းသုံး လက်နက်များနှင့် အကျွမ်းတဝင်ရှိစေရေး သင်တန်းသင်ရိုးအား တက်ရောက်ပြီးစီး အောင်မြင်ထားသည့် ဝန်ထမ်းများကိုသာ ထုတ်ပေးနိုင်သည်။ ပြီးဆုံးသည့်အခါ ဝန်ထမ်းများအား လက်နက်ကိုင်တွယ်ရန်နှင့် ပစ်ခတ်ရန် အရည်အချင်းရှိကြောင်း သတ်မှတ်မည်ဖြစ်ပြီး နောက်ထပ် သေနတ်များအသုံးပြုသည့်သင်တန်းကို ဆက်လက်တက်ရောက်ရမည်ဖြစ်သည်။ အရေးအကြီးဆုံးမှာ ၎င်းတို့သည် လက်နက်ထုတ်ပေးမှုကို ပေကြောင်းခံသည့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ပုံမှန် ကြိုတင်လိုက်နာရမည့်အချက်များ (NSP များ) နှင့် ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်သည်။

လက်နက်သယ်ယူရန် သတ်မှတ်ခံရသည့် ကုမ္ပဏီဝန်ထမ်းများအားလုံးသည် လုပ်ဆောင်နိုင်စွမ်းရှိကြောင်း အသိအမှတ်ပြုလက်မှတ်ကို လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ၎င်းကို ညွှန်ကြားသူက သက်ဆိုင်ရာ လက်နက်ကိုင်တွယ်ရေးသင်တန်းအား ကျေနပ်ဖွယ်အဆင့်နှင့် ပြီးမြောက်ထားခြင်းရှိမရှိအပေါ်မူတည်ပြီး ထပ်ဆင့်အတည်ပြုလက်မှတ်ထိုးပေးရမည်။ ဤစာရွက်စာတမ်းကို လူတစ်ဦးချင်းစီအလိုက် ကိုယ်ရေးမှတ်တမ်းဖိုင်၏ အစိတ်အပိုင်းအဖြစ် ထိန်းသိမ်းထားရမည်ဖြစ်ပြီး လက်နက်များထုတ်ပေးမှုအတွက် ခွင့်ပြုချက်ကို လူတစ်ဦးချင်းစီအတွက် ထုတ်ပေးမည်ဖြစ်သည်။ လက်နက်စနစ်တစ်ခုစီအတွက် သင်တန်းဆင်းထားသည့် ဝန်ထမ်းများ၏စာရင်းကို IDG ၏လက်ဝယ် ထိန်းသိမ်းထားမည်ဖြစ်သည်။

လက်နက်သင်တန်းကို မဖြစ်မနေ တက်ရောက်ရမည်ဖြစ်ပြီး ကျွမ်းကျင်တတ်မြောက်မှုအရ မြင့်မားသည့် စံချိန်စံညွှန်းများကို ပြည့်မီရမည်။ IDG ဝန်ထမ်းများကို သင်ကြားသည့် လက်နက်ကိုင်စစ်ဆေးပြလေ့ကျင့်မှုများသည် သက်ဆိုင်ရာ လက်နက်အသုံးပြုလက်စွဲစာအုပ်များမှ ကောက်နုတ်ထားခြင်းဖြစ်ပြီး IDG သင်တန်းမန်နေဂျာသည် လုပ်ဆောင်ထားသည့် ညွှန်ကြားချက်တစ်ခုလုံးအတွက် အတည်ပြုချက်ကို ပေးပါသည်။

စစ်ရေးပြလေ့ကျင့်မှုများ လုပ်ဆောင်ချိန်တွင် လက်နက်ချွတ်ရန် သတ်မှတ်ထားသည့်နေရာကို အသုံးပြုရမည်၊ ထိုနေရာတွင် ယင်းသို့ အထောက်အကူပြု အသုံးအဆောင်မရှိဘဲ လက်နက်များကို စိတ်ချရသည့် ဦးတည်ဘက်သို့ ချိန်ရွယ်ထားရှိရမည်။ မှောင်မိုက်ချိန်အတွင်း စစ်ရေးပြလေ့ကျင့်မှုများ လုပ်ဆောင်ရန်အတွက် လုံလောက်သည့် အလင်းရောင်ကို အသုံးပြုရမည်။

လက်နက်များ၏ ဘေးကင်းလုံခြုံမှုကို အချိန်ပြည့် နေရာအားလုံးတွင် မြှင့်တင်လုပ်ဆောင်ရမည်။ ဤသည်ကို ပုံမှန်သင်တန်းသားသစ်လေ့ကျင့်သင်တန်းအား ဒေသအဆင့်တွင် လုပ်ဆောင်ခြင်းဖြင့်လည်းကောင်း ပရောဂျက်မန်နေဂျာများ သို့မဟုတ် သင်တန်းအဖွဲ့ဝင်များ၏ လာရောက်လည်ပတ်မှုများအတွင်း အောင်မြင်စွာ လုပ်ဆောင်နိုင်သည်။

## 4.1. ထုတ်ပေးခြင်းနှင့် ခဲယမ်းမီးကျောက်စကေးသတ်မှတ်ခြင်း

လက်နက်တပ်ဆင်ပေးမည့် ကန်ထရိုက်ချုပ်ဆိုမှုပါ အားလုံးသော နိုင်ငံတကာ လက်နက်ကိုင် အစောင့်တပ် (IAG) တစ်ခုချင်းစီကို အောက်ပါ ခဲယမ်းမီးကျောက်များနှင့် ကျည်သေတ္တာများ သတ်မှတ်ခွဲဝေမှုအတိုင်း ထုတ်ပေးမည်ဖြစ်သည်။

| AK 47 | | |
|---|---|---|
| **တည်နေရာ** | | |
| ကျည်သေတ္တာများ | ကျည်ဆန် ပထမလိုင်း | ကျည်ဆန် ဒုတိယလိုင်း |
| | 7.62 မီလီမီတာ X 39 မီလီမီတာ | |
| 10 | 600 | 300 |

| STEYR | | | |
|---|---|---|---|
| **တည်နေရာ** | | | |
| ကျည်သေတ္တာများ | ကျည်ဆန် ပထမလိုင်း | | ကျည်ဆန် ဒုတိယလိုင်း |
| | XM855 | XM193 | |
| 10 | 100 | 500 | 100 |

| STEYR | | | |
|---|---|---|---|
| **တည်နေရာ** | | | |
| ကျည်သေတ္တာများ | ကျည်ဆန် ပထမလိုင်း | | ကျည်ဆန် ဒုတိယလိုင်း |
| | XM855 | XM193 | XM193 |
| 8 | 100 | 200 | မှတ်ချက် 1 |

| ပစ္စတိုလ် | | |
|---|---|---|
| **KABUL တည်နေရာများ** | | |
| ကျည်သေတ္တာများ | ကျည်ဆန် ပထမလိုင်း | ကျည်ဆန် ဒုတိယလိုင်း |
| | 9 မီလီမီတာ | 9 မီလီမီတာ |
| 4 | 40 | 0 |

**မှတ်ချက်-** ရိပ်သာအတွင်း ထိန်းသိမ်းထားသည့် ကဘူးလ်တည်နေရာများအတွက် ဒုတိယလိုင်း ကျည်ဆန်များကို လုံခြုံရေးအခြေအနေအရ ဆုံးဖြတ်သည့်အတိုင်း ရှေ့သို့ တွန်းပို့ရမည်ဖြစ်သည်။

ခဲယမ်းမီးကျောက်များစကေးသတ်မှတ်ခြင်းစသည်တို့သည် ကန်ထရိုက်ချုပ်ဆိုမှုအပေါ် မူတည်ကာ အပြောင်းအလဲရှိနိုင်ပြီး ကန်ထရိုက်ချုပ်ဆိုမှုပါ သတ်မှတ်လိုအပ်ချက်များကို လိုက်နာရမည်။

### 4.2. လုပ်ငန်းလည်ပတ်မှုအတွက် အသုံးပြုမှု

အရည်အချင်းပြည့်မီပြီး လေ့ကျင့်ထားသည့် ဝန်ထမ်းများ၏ လက်နက်များအား လုပ်ငန်းလည်ပတ်မှုအရ အသုံးပြုခြင်းကို စံချိန်စံညွှန်းမီ လုပ်ငန်းလည်ပတ်ရေး လုပ်ထုံးလုပ်နည်းများဖြင့် ကွပ်ကဲအုပ်ချုပ်ပြီး ၎င်းတို့ကို အတိအကျ လိုက်နာပြီး အသက်ဝင်စေရမည်။

ကန်ထရိုက်ချုပ်ဆိုထားသည့် တည်နေရာများတွင် IAG များသည် ၎င်းတို့၏ လက်နက်များကို အချိန်ပြည့် သယ်ဆောင်ရမည်ဖြစ်သည် သို့မဟုတ် လက်နက်များသည် ဖြစ်စဉ်များပေါ်ပေါက်လာနိုင်သည့်အတွက် ခပ်ဝေးဝေးသို့

မရောက်ရှိစေရ။ စီမံခန့်ခွဲမှုဌာနနှင့် ကြီးကြပ်စီမံသူများသည် IDG ကန်ထရိုက်ချုပ်ဆိုမှုများအားလုံးတွင် ဤအချက်ကို ကောင်းစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။

## 4.3. လုပ်ငန်းလည်ပတ်စဉ် ပြုပြင်ထိန်းသိမ်းမှု

လက်နက်များအားလုံးကို သိမ်းဆည်းရမည်ဖြစ်ပြီး ဆီထိုးခြင်းနှင့် အခြောက်သန့်စင်ခြင်းကို ပြုလုပ်ရမည်။ လက်နက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းသည် အရေးကြီးသည်၊ သီးသန့်ပုံမှန် သန့်ရှင်းရေးအစီအစဉ်များနှင့် ကျည်ကပ်စပရိမ်လှည့်ပတ်မှု။ စပရိန်ပေါ်ရှိဖိအားကို လျော့ကျစေရန်အတွက် အသင့်အနေအထားဖြင့် ကျည်အပြည့်ဖြည့်၍ သိမ်းဆည်းသည့် ကျည်ကပ်များကို လှည့်လည်ပေးရမည်။ သန့်ရှင်းရေးကို ကြီးကြပ်စီမံမှုဖြင့် လုပ်ဆောင်ပြီး လက်နက်များအားလုံးကို လက်နက်တိုက်သို့ ပြန်လည်မအပ်နှံမီ စစ်ဆေးရမည်။

## 4.4. လက်နက်များကို လက်နက်တိုက်သို့ ပြန်လည်အပ်နှံခြင်း

ဘေးကင်းလုံခြုံမှုဆိုင်ရာ ပုံမှန် ကြိုတင်လိုက်နာရမည့်အချက်များ (NSP များ) ကို လက်နက်များအား လက်နက်တိုက်သို့ မလွှဲပြောင်းမီ 'လက်နက်ချွတ်ရန် သတ်မှတ်ထားသည့်နေရာ'တွင် လုပ်ဆောင်ရမည်။ လက်နက်ကို လက်နက်သိုလှောင်ရုံဝန်ထမ်းတစ်ဦးချင်းထံတွင် ပြသသည့်အခါ လက်နက်ကို ရှင်းလင်းပြတ်သားစွာ ပြသရမည်။ ဤသို့ပြုလုပ်ထားခြင်းမရှိလျှင် လက်နက်များကို လက်ခံမည်မဟုတ်။

လက်နက်တိုက်သို့ ပြန်မအပ်နှံမီ လက်နက်များကို သန့်ရှင်းရေးလုပ်ရမည်ဖြစ်ပြီး ထိုသို့မပြုလုပ်ထားပါက လက်နက်များကို သိမ်းဆည်းရယူမည်မဟုတ်။

လက်နက်ဆိုင်ရာ ချွတ်ယွင်းချက်အပြစ်များကို လက်နက်ကျွမ်းကျင်သူထံသို့ သတင်းပို့ရမည်ဖြစ်ပြီး အပြစ်အနာအဆာများကို အပြစ်အနာအဆာများဖိုင်တွဲအတွင်း အချိန်နှင့်ရက်စွဲ၊ လုပ်ဆောင်ထားသည့်အရာကို ရေးသားကာ မှတ်တမ်းတင်ရမည်။ ယင်းလက်နက်များကို သီးခြားထားရှိပြီး ၎င်းတို့အား စစ်ဆေးရန်အတွက် လက်နက်ကျွမ်းကျင်သူရောက်လာသည့်အချိန်အထိ ရက်စွဲ၊ အချိန်နှင့် အပြစ်အနာအဆာတို့ကို ဖော်ပြထားသည့် အပြစ်အနာအဆာရှိကြောင်း ဖော်ပြသည့်ကတ်ပြားဖြင့် ချိတ်ဆွဲထားရမည်။